# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးဝန်ကြီးဌာန
# (ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ နည်းဥပဒေများ)
## အမိန့်ကြော်ငြာစာ အမှတ် ၁၅၈/၂၀၁၅
## ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
## (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

Myanmar Law Information System (MLIS)

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤ နည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ဆိုသည်။

(ခ) **ပြည်တွင်းရေကြောင်း** ဆိုသည်မှာ ရေယာဉ်များခုတ်မောင်း သွားလာနိုင်သောနိုင်ငံတော်အတွင်းရှိ မြစ်၊ ချောင်း၊ တူးမြောင်းနှင့် ကန်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင်နိုင်ငံတော်၏ ကမ်းရိုးတန်း ရေကြောင်းလည်းပါဝင်သည်။

### အခန်း (၂)
### ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများအားစီးပွားရေးဆန်ဆန်ဆောင် ရွက်နိုင်ရန်အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ဖွဲ့စည်းပုံပါ ဌာနများဖြင့် ဖွဲ့စည်းတည် ထောင်ရမည်။

၄။ အဖွဲ့ဝန်ထမ်းများ၏ ရာထူးအခေါ်အဝေါ်များမှာ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့်ဖွဲ့စည်း ပုံပါအတိုင်းဖြစ်သည်။

### အခန်း (၃)
### အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်တွင်းနှင့် ကမ်းရိုးတမ်းများတွင် ခရီးသည်နှင့်ကုန်စည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့်အခြား ဆက်စပ်သောဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍-

(က) အခြားအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်း၍ ဆောင်ရွက်နိုင်သည်၊

(ခ) အဖွဲ့ပိုင်ဆိပ်ကမ်းများတွင် ဆိုက်ကပ်သည့် အခြားရေယာဉ်များအတွက် ဆိပ်ကမ်းဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်၊

(ဂ) ရေကြောင်း သယ်ယူပို့ဆောင်ရေး ကိုယ်စားလှယ်လုပ်ငန်း (Agency) နှင့် ကုန်စည်များ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Logistics) များကို ဆောင်ရွက်နိုင်သည်။

၆။ ရေကြောင်းခရီးစဉ်များ ပြေးဆွဲခြင်းနှင့် စပ်လျဉ်း၍-

(က) ခရီးစဉ်ပြေးဆွဲရန် လိုအပ်သည့် ရေယာဉ် အမျိုးအစားများကို တည်ဆောက်ခြင်း၊ ဝယ်ယူခြင်းများ ဆောင်ရွက်နိုင်သည်၊

(ခ) လိုအပ်သည့်ရေယာဉ်များကို ပြည်တွင်း၊ ပြည်ပမှ ငှားရမ်းသုံးစွဲခြင်းတို့ကို အမှုဆောင်အရာရှိချုပ် က စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်သည်။

(ဂ) ခရီးစဉ်အသစ် ပြေးဆွဲခြင်း၊ ခရီးစဉ်များ ပြောင်းလဲခြင်းနှင့် ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်နိုင် သည်၊

(ဃ) သတ်မှတ်ရေကြောင်းခရီးလမ်းတွင် ဈေးကွက်လိုအပ်ချက်အရ ရေယာဉ် စင်းလုံးငှားရမ်းသည့် စနစ်ဖြင့် ပြေးဆွဲဆောင်ရွက်နိုင်သည်၊

(င) အဖွဲ့ပိုင်ရေယာဉ်များကို အဖွဲ့ကသတ်မှတ်ထားသည့် ငှားရမ်းခနှုန်းထားဖြင့် ငှားရမ်းဆောင်ရွက် နိုင်သည်။

၇။ ရေယာဉ်ပေါ် စားသောက်ဆိုင်လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့က သော်လည်းကောင်း၊ ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၈။ ရေကြောင်းဆိုင်ရာကိုယ်စားလှယ်လုပ်ငန်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍-

(က) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့ရွာများတွင် ကုန်စည်လက်ခံတင်ဆောင်ခြင်း၊ သိုလှောင် ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဆိပ်ကမ်းများတွင် အဖွဲ့ဝန်ထမ်းများမှ သင့်လျော်သူကို ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူ ဝန်ထမ်းဆောင်ရွက်ရ မည့် လုပ်ငန်းတာဝန်နှင့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

၉။ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအား အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း ၍-

(က) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် သီးခြားလုပ်ငန်းသဘောတူ စာချုပ် ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီထူထောင်နိုင်သည်၊

(ခ) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတို့၏ အစုရှယ်ယာသည် အနည်းစု အစုရှယ်ယာဖြစ်ရမည်။

Myanmar Law Information System (MLIS)

၁၀။ ကုန်စည်များပို့ဆောင်ရန် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း(Logistics) ကို မိမိကိုယ် တိုင်သော်လည်းကောင်း၊ နိုင်ငံသား၊ နိုင်ငံခြားသားတို့နှင့် အကျိုးတူ ပူးပေါင်း၍သော်လည်းကောင်း၊ ဖက်စပ်ကုမ္ပဏီအဖြစ် ဖွဲ့စည်း၍သော်လည်းကောင်း၊ ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၁၁။ အဖွဲ့ပိုင် စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ ယန္တရားများ၊ မြေ၊ အဆောက်အအုံများနှင့်ယာဉ်များ၊ အခြားဆက်စပ်သောပစ္စည်းများနှင့် စပ်လျဉ်း၍-

(က) ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အနည်းဆုံး ကနဦး (၅) နှစ်နှင့် နောက်ထပ်တစ်နှစ် (၅)ကြိမ် သက်တမ်းတိုးအငှားချနိုင်သည်။ ထိုသို့သက်တမ်းတိုး အငှားချရာတွင် နှစ်အလိုက် မူလနှုန်းထားများ အားပြင်ဆင်ဆောင်ရွက်နိုင်သည်၊

(ခ) အဖွဲ့ပိုင် ရေယာဉ်၊ တွဲယာဉ်များနှင့်ဆက်စပ်ပစ္စည်းများအားငှားရမ်းပါက အမှုဆောင်အရာရှိချုပ်မှ ဆုံးဖြတ်ဆောင်ရွက်နိုင်သည်၊

(ဂ) အငှားချထားခြင်းကို နိုင်ငံတကာအသုံးပြုနေသော အငှားချနည်းစနစ်များအတိုင်းလည်း ဆောင် ရွက်နိုင်သည်။

၁၂။ ရေယာဉ်၊ တွဲယာဉ်များအကြီးစားနှင့်အသေးစားပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍-

(က) ရေယာဉ်၊ တွဲယာဉ်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင် အောက်ပါလုပ်ငန်းများပါဝင်ပြီး မိမိ၏ စွမ်းဆောင်နိုင်ရည်အရ အကျုံးဝင်သောလုပ်ငန်းများ လုပ်ဆောင်နိုင်သည်-

(၁) ရေယာဉ်ရပ်နားသည့်နေရာတွင်ပြုပြင်ခြင်း၊

(၂) ရေယာဉ်ကျင်းတွင်ကျင်းတင်ပြုပြင်ခြင်း၊

(၃) အကြီးစားပြုပြင်ခြင်းနှင့်အသေးစားပြုပြင်ခြင်း၊

(၄) ရေယာဉ်၊တွဲယာဉ်အစိတ်အပိုင်းများ လဲလှယ်ခြင်း၊ အစားထိုး တပ်ဆင်ခြင်း၊

(၅) အထွေထွေအကြီးစားပြုပြင်ခြင်း၊

(၆) အဆင့်မြှင့်တင်ခြင်း။

(ခ) ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ၏ ရေယာဉ်၊ တွဲယာဉ် ပြုပြင်ခြင်းလုပ်ငန်းများအား မိမိရေယာဉ်ကျင်း တွင် အပ်နှံရေးဈေးကွက်ရှာဖွေ ဆောင်ရွက်နိုင်သည်၊

(ဂ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ လုပ်ငန်းအပ်နှံ ဆောင်ရွက်သည့်အခါ လုပ်ငန်း သဘောတူ စာချုပ်များ ချုပ်ဆိုနိုင်ရန် လိုအပ်သည့် အချက်အလက်များကို ပြုစုပြီး စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြရမည်၊

(ဃ) စာချုပ်ပါ ကုန်ကြမ်းပစ္စည်းတန်ဘိုး၊ အလုပ်သမားခ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် အထွေထွေ စရိတ် စသည်တို့အတွက် တန်ဖိုးသတ်မှတ်ခြင်းကို စီမံခန့်ခွဲရေးအဖွဲ့၏ အတည်ပြုချက် ရယူဆောင်ရွက် ထားနိုင်ပြီး အချိန်အခါအလိုက် ပြောင်းလဲရန်လိုအပ်ချက်ရှိပါက ပြင်ဆင်သတ်မှတ်ချက် ရယူဆောင်ရွက် နိုင်သည်၊

(င) အပ်နှံသည့် လုပ်ငန်းများ ဆောင်ရွက်စဉ် ဝယ်ယူသုံးစွဲရန်၊ ငှားရမ်း အသုံးပြုရန်ထပ်ဆင့်လုပ်ငန်း အပ်နှံရန် ငွေကြေးလိုအပ်ချက်ရှိလျှင် စီမံခန့်ခွဲရေးအဖွဲ့သို့တင်ပြ၍ ကြိုတင်ခွင့်ပြုချက်ရယူ ဆောင်ရွက် ရမည်၊

Myanmar Law Information System (MLIS)

(စ) ရေယာဉ်၊ တွဲယာဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သောစက်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းရာတွင် သွင်းကုန်လိုင်စင် ကင်းလွတ်ခွင့်ပြုရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်၊

(ဆ) ရေယာဉ်၊ တွဲယာဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရန် ပြည်ပမှလာရောက်သည့် ရေယာဉ်မှူး၊ အင်ဂျင်နီယာ၊ ရေယာဉ်ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များဝင်/ ထွက်သွားလာခြင်း အတွက် ယေဘူယျကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုရန်သက်ဆိုင်ရာဌာနများသို့ လျှောက်ထားနိုင် သည်။

၁၃။ ရေယာဉ်၊ တွဲယာဉ်သစ် တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍-

(က) လုပ်ငန်းဆောင်ရွက်ခွင့်အားစီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်၊

(ခ) ပြင်ပမှလုပ်ငန်းအပ်နှံခြင်းဖြစ်ပါက လုပ်ငန်းအပ်နှံသူနှင့် စီမံခန့်ခွဲရေးအဖွဲ့တို့စာချုပ် ချုပ်ဆိုပြီးမှ သာလျှင်ဆောင်ရွက်ရမည်၊

(ဂ) ဌာနအတွက် တည်ဆောက်မည့်ရေယာဉ်၊ တွဲယာဉ်များ၏ ရေယာဉ်အရွယ်အစား၊ ဒီဇိုင်းပုံစံများနှင့် ခန့်မှန်းကုန်ကျစရိတ်ကို စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြရမည်၊

(ဃ) ပြင်ပမှအပ်နှံလာသော ရေယာဉ်၊ တွဲယာဉ် တည်ဆောက်မှုအတွက် နှုန်းထားသတ်မှတ်မှုများကို စီမံ ခန့်ခွဲရေးအဖွဲ့သို့ တင်ပြရမည်၊

(င) ရေယာဉ်ကျင်းများတွင် ပြင်ပမှ ရေယာဉ်၊ တွဲယာဉ် အသစ်များ အပ်နှံ တည်ဆောက်နိုင်ရေးအတွက် ဈေးကွက်ရှာဖွေဆောင်ရွက်ရမည်၊

(စ) ရေယာဉ်များတည်ဆောက်ရာတွင် အသုံးပြုရသော ရေယာဉ်ကျင်းသုံး အထောက်အကူပြု စက်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ကုန်သွယ်မှုလုပ်ငန်းအတွက် တင်သွင်း မည့် ပစ္စည်းများမှအပ ဌာနတွင်အသုံးပြုရန်လိုအပ်သောပစ္စည်းများကို နိုင်ငံခြားမှ မှာယူတင်သွင်းရာ၌ သွင်းကုန်လိုင်စင် ကင်းလွတ်ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၁၄။ ရေယာဉ်မှူး၊ အင်ဂျင်နီယာ၊ ရေယာဉ်ဝန်ထမ်းများ၊ စက်ပြင်နှင့်ကျွမ်းကျင် ဝန်ထမ်းများစုဆောင်း ခြင်း၊ ငှားရမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍-

(က) ပြည်တွင်း/ ပြည်ပမှကျွမ်းကျင်ပညာရှင်များစုဆောင်းခြင်း၊ ငှားရမ်းခြင်းကိုဆောင်ရွက်နိုင်သည်၊

(ခ) ပြင်ပ အဖွဲ့အစည်းများမှ လိုအပ်သော မိမိဌာနရှိ လူသားအရင်း အမြစ်များကို စီမံခန့်ခွဲရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အချိန်ပြည့်/ အချိန်ပိုင်း ငှားရမ်းနိုင်သည်။

၁၅။ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို ပို့ဆောင်ရေးဆိုင်ရာ၊ ရေကြောင်းဆိုင်ရာ သို့မဟုတ် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် လေ့ကျင့် မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်နှင့် သုတေသနပြုပိုင်ခွင့်နှင့် စပ်လျဉ်း၍-

(က) သင်တန်းကျောင်းများအား အကျိုးတူပူးပေါင်း၍ ဖွင့်လှစ်ခြင်းနှင့် သုတေသနပြုခြင်းတို့ ဆောင်ရွက်နိုင်သည်၊

Myanmar Law Information System (MLIS)

(ခ) သင်တန်းကျောင်းသည် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ စံသတ်မှတ်ချက်များနှင့်အညီ အသိ အမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရမည်၊

(ဂ) သင်တန်းကျောင်းနှင့်သက်ဆိုင်သော ကုန်ကျစရိတ်၊ သင်တန်းအလိုက် ကျသင့်သောကုန်ကျစရိတ် များအတွက် သက်ဆိုင်ရာ သင်တန်းသားများထံမှ သင်တန်းကြေးကောက်ခံ၍ သင်တန်းကျောင်းရန်ပုံ ငွေအဖြစ်ထားရှိပြီး သင်တန်းကျောင်းအစီအစဉ်ဖြင့် သုံးစွဲနိုင်သည်။

၁၆။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းပိုင် ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ်တည်ဆောက် ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍-

(က) ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ်တည်ဆောက်ရောင်းချခြင်းပြုလုပ်ရန် လိုအပ် သော ပစ္စည်းများကို ပစ္စည်းထုတ်လုပ်သည့် မူရင်းကုမ္ပဏီ၊ အခြားရောင်းချသူများနှင့် ဆက်သွယ်၍ ဝယ်ယူဖြည့်တင်းခြင်းဆောင်ရွက်နိုင်သည်၊

(ခ) အချိန်ကြာမြင့်စွာ ထိန်းသိမ်းထားရှိပြီး အသုံးမလိုသောပစ္စည်းများ၊ ဆက်လက်ထိန်းသိမ်းထားခြင်း အားဖြင့် အကျိုးမရှိသောသက်တမ်းလွန်ပစ္စည်းများကို စစ်ဆေးပြီးစာရင်းမှပယ်ဖျက်ခြင်း ဆောင်ရွက် နိုင်သည်။

၁၇။ ပြည်တွင်းရေကြောင်းတွင် ပို့ဆောင်ရေးကွန်ယက်တည်ထောင်၍ ရေကြောင်းဖြင့်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို အရောက်ပို့ဆောင်မှုစနစ် (Door to Door System) ဖြင့် ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍-

(က) ဆိပ်ကမ်းများ၌ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်းအား လိုအပ်သော ယာဉ်များဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်၊

(ခ) လုပ်ငန်းအတွက်လိုအပ်သော ယာဉ်များဝယ်ယူခြင်း၊ ငှားရမ်းခြင်းများကို အမှုဆောင်အရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်၊

(ဂ) လိုအပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် အသုံးစရိတ်များကို အမှုဆောင်အရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၁၈။ ဟိုတယ်လုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ) နှင့်အညီ အကျိုးတူပူးပေါင်း၍ သော်လည်းကောင်း၊ ဖက်စပ်စနစ်ဖြင့်သော် လည်းကောင်း၊ တည်ဆောက်လုပ်ကိုင် လွှဲပြောင်းသည့်စနစ်ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

၁၉။ အဖွဲ့၏ မတည်ငွေများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် တည်ထောင်ကာ လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်းနှင့် စပ်လျဉ်း၍-

(က) အဖွဲ့သည် မိမိပိုင် အစုရှယ်ယာထက်မများသော ရှယ်ယာများကို မိမိဝန်ထမ်းနှင့် အများပြည်သူသို့ ဖိတ်ခေါ်ရောင်းချနိုင်သည်၊

(ခ) နိုင်ငံခြားသား အစုရှယ်ယာ ထည့်သွင်းရန်ရှိလာပါက ဝန်ကြီးဌာနသို့ တင်ပြရမည်၊ ၎င်းနိုင်ငံခြား သားပိုင် အစုရှယ်ယာသည် အနည်းစု အစုရှယ်ယာ ဖြစ်ရမည်။

Myanmar Law Information System (MLIS)

၂၀။ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အစိုးရနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့ အကျိုးတူစနစ်ဖြင့် သော်လည်းကောင်း၊ ဖက်စပ်လုပ်ငန်းကိုသော်လည်းကောင်း၊ ပုဂ္ဂလိကနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလို့ငှာ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်နိုင်သည်။

၂၁။ သက်ဆိုင်ရာလုပ်ငန်းများအလိုက် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၂။ အဖွဲ့သည်နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စများတွင် ငွေကြေးအကျိုး အမြတ်မယူဘဲ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဥပဒေပုဒ်မ (၇) နှင့် (၈)ပါ လုပ်ငန်းများဆောင် ရွက်ရာတွင် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရရှိရေးလျှောက်ထားရန် စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လျှောက်ထား ရမည်။

၂၃။ ဥပဒေပုဒ်မ (၂၈) အရ စီမံခန့်ခွဲရေးအဖွဲ့သို့တင်ပြရမည့် စာရင်းများကို အောက်ပါသတ်မှတ်ချက်များ နှင့်အညီ ဖော်ပြရမည်-

(က) ဝန်ထမ်းအင်အားစာရင်းတွင်လစဉ် လစာနှုန်းထားအလိုက် ခွင့်ပြု၊ ခန့်ထား၊ လစ်လပ်အင်အားနှင့် အမှန်ကုန်ကျစရိတ်စာရင်း၊

(ခ) ငွေသားအခြေအနေတွင် လစဉ်သာမန်နှင့် ငွေလုံးငွေရင်း လျာထားချက်၊ အမှန်ရငွေ၊ သုံးငွေနှင့် ကြွေးမြီစာရင်း၊

(ဂ) ကုန်ပစ္စည်းထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ သို့မဟုတ် ဝန်ဆောင်မှု စာရင်းတွင်လစဉ်ဝင်ငွေ အမျိုး အစားအလိုက် လျာထားချက်နှင့် အမှန်ဝင်ငွေစာရင်း၊

(ဃ) အရှုံးအမြတ်စာရင်းတွင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ အဖွဲ့မှရရှိသည့်ဝင်ငွေ၊ အသုံးစရိတ်နှင့် အရှုံး အမြတ်စာရင်း၊

(င) ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် မတ်လ ၃၁ ရက်နေ့ရှိအဖွဲ့၏ ရင်းနှီးငွေ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့် စာရင်း။

## အခန်း (၄)

## ဌာနအလိုက်လုပ်ငန်းတာဝန်များ

**စီမံရေးရာဌာန၏ လုပ်ငန်းများ**

၂၄။ စီမံရေးရာဌာနသည် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရမည်-

(က) အဖွဲ့ရှိဝန်ထမ်းရေးရာကိစ္စရပ်များဆောင်ရွက်ခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင် ရွက်ရေး အမှုဆောင်အရာရှိချုပ်၏ လမ်းညွှန်မှုနှင့်အညီ စီမံဆောင်ရွက်ခြင်း၊

(ဂ) အစိုးရဌာန အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ရာတွင် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) အသုံးမလို ပိုလျှံသည့်ပစ္စည်းများ ထုခွဲရောင်းချခြင်းနှင့် စာရင်းမှပယ်ဖျက်ခြင်းကိစ္စများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အဖွဲ့ရှိ ဝန်ထမ်းရေးရာ မှတ်တမ်းများပြုစုခြင်းနှင့် ထိန်းသိမ်းခြင်းကိစ္စများကို ဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(စ) အဖွဲ့ဝန်ထမ်းများ၏လူမှုဖူလုံရေး ကိစ္စများကို ဆောင်ရွက်ပေးခြင်း၊

(ဆ) အဖွဲ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်ကျန်းမာရေး ကိစ္စများကို တာဝန်ယူ ဆောင်ရွက်ပေးခြင်းနှင့် ကြိုတင်ကာကွယ်ရေး စီမံချက်များ ရေးဆွဲခြင်း၊

(ဇ) အဖွဲ့၏သတ်မှတ်ချက်များနှင့်အညီ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဌာနများ၏လိုအပ်ချက်အရ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ဝန်ထမ်းများ၏ နိုင်ငံကူးလက်မှတ်များ လျှောက်ထားပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ဗီဇာ လျှောက်ထားခြင်းနှင့် အဖွဲ့၏လုပ်ငန်းကိစ္စဖြင့် လာရောက်သည့် နိုင်ငံခြားသားများ၏ ပြည်ဝင်ခွင့် ဗီဇာများ၊ ပြည်တွင်းနေထိုင်ခွင့်ကိစ္စများကိုဆောင်ရွက်ပေးခြင်း၊

(ည) အဖွဲ့တွင်အသုံးပြုရန်လိုအပ်သည့်ပစ္စည်းများဝယ်ယူခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း များ ဆောင်ရွက်ခြင်း၊

(ဋ) အဖွဲ့ပိုင် အဆောက်အဦများ၊ ဆိပ်ခံတံတားများ၊ ရုံးသုံးစက်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂများပြင် ဆင်ထိန်းသိမ်းခြင်း၊ ဆောက်လုပ်ခြင်းလုပ်ငန်းရပ်များကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ဌ) အဖွဲ့အပိုင်ယာဉ်၊ ဇောတံတား၊ ကုန်လှောင်ရုံ၊ ကမ်းတက်ဆိပ်နှင့် အခြား လိုအပ်သည့် ပစ္စည်းများ ကို အာမခံထားရှိပြီး လျော်ကြေးတောင်းဆိုခြင်းများ ဆောင်ရွက်ခြင်း၊

(ဍ) အဖွဲ့ပိုင် မော်တော်ယာဉ် ပြင်ဆင်ထိန်းသိမ်းရေးကိစ္စများ ဆောင်ရွက်ခြင်း၊

(ဎ) အဖွဲ့လုပ်ငန်းနှင့်သက်ဆိုင်သော ဥပဒေရေးရာဆိုင်ရာကိစ္စများ၊ စာချုပ်စာတမ်းကိစ္စများအတွက် စီမံ ဆောင်ရွက်ခြင်း၊

(ဏ) သတင်းအချက်အလက်နည်းပညာ အသုံးပြုနိုင်ရေးအတွက် လိုအပ်ချက်များ ဆောင်ရွက်ခြင်း၊

(တ) အဖွဲ့ရှိ ဝန်ထမ်းများအား လုပ်ငန်းခွင်အတတ်ပညာ အဆင့်အတန်းမြင့်မား တိုးတက်နေစေရန် ပြည်တွင်း၊ ပြည်ပ သင်တန်းများတက်ရောက်နိုင်ရေးစီမံဆောင်ရွက်ခြင်း။

**ဘဏ္ဍာရေးဌာန၏ လုပ်ငန်းများ**

၂၅။ ဘဏ္ဍာရေးဌာနသည် အောက်ဖော်ပြပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) အဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းကို တာဝန်ယူရေးဆွဲခြင်း။

(ခ) အဖွဲ့၏ ဝင်ငွေထွက်ငွေများအတွက် အခြေခံစာရင်းများကို စနစ်တကျထားရှိခြင်း၊

(ဂ) ဌာန/ ဌာနခွဲများမှ ဝင်ငွေထွက်ငွေစာရင်းများ၊ ပစ္စည်းစာရင်းများနှင့် ပတ်သက်သည့်လစဉ်အခြေပြ ဇယားများကို မှန်ကန်စွာရယူ၍ စာရင်းပြုစုခြင်း၊

(ဃ) ဌာနဘဏ္ဍာငွေသုံးစွဲမှုများတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းများကို အခြေခံအားဖြင့် လိုက်နာခြင်း၊

(င) ဘဏ္ဍာရေးဆိုင်ရာ လချုပ်စာရင်းများ၊ နှစ်ချုပ်စာရင်းများကို သတ်မှတ်ထားသည့်ပုံစံများနှင့် အညီ ပြုစု၍ တင်ပြခြင်း၊

(စ) အဖွဲ့လက်အောက်ခံဌာန၊ ဌာနခွဲအသီးသီးက လိုက်နာကျင့်သုံးရမည့် ဘဏ္ဍာရေးဆိုင်ရာ ကျင့်ထုံး များကိုအခါအားလျော်စွာ ညွှန်ကြားချက်များထုတ်ပြန်ပေးခြင်းဖြင့် ကြပ်မတ်ခြင်း၊

Myanmar Law Information System (MLIS)

(ဆ) ဌာန၊ ဌာနခွဲများက ဘဏ္ဍာရေးဆိုင်ရာ စာရင်းထိန်းသိမ်းခြင်း နည်းလမ်းများနှင့်အညီ စာရင်းပြု စုထားရှိရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) အဖွဲ့ဝန်ထမ်းများ၏ ပင်စင်ရန်ပုံငွေစာရင်းများပြုစုထိန်းသိမ်းထားရှိခြင်း၊

(ဈ) အဖွဲ့က ရရန်၊ ပေးရန်ရှိသည့် ငွေများကို စိစစ်ခြင်းနှင့် စာရင်းပြုစုခြင်း၊

(ည) အဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

**ရေကြောင်းဌာန၏ လုပ်ငန်းများ**

၂၆။ ရေကြောင်းဌာနသည် အောက်ဖော်ပြပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ရေယာဉ်ဝန်ထမ်းများအား ယင်းတို့၏ကျွမ်းကျင်မှုလက်မှတ်များအလိုက် တာဝန်ပေးမှုကို စိစစ် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ခ) ရေကြောင်းရေလမ်းများကိစ္စကို လိုအပ်သလို ဆောင်ရွက်ခြင်း၊

(ဂ) ရေယာဉ်များအတွက် ခွဲဝေလက်ခံရရှိသည့် ရေယာဉ်သုံးပစ္စည်းများ၊ ရေယာဉ်သုတ်ဆေးများ သို လှောင်ခြင်း၊ ဌာနခွဲအသီးသီးသို့ ခွဲဝေပေးခြင်းအတွက် ဆောင်ရွက်ခြင်း၊

(ဃ) ရေယာဉ်ဟောင်းများ ပြင်ဆင်ခြင်း၊ ဌာနမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းတို့ကို လုပ်ထုံးလုပ် နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) ရေယာဉ်၊ တွဲယာဉ်များနစ်မြုပ်ပါကဖော်ယူရေး၊ ဆယ်ယူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(စ) ရေယာဉ် ဖော်ယူရေး၊ ဆယ်ယူရေး ဆိုင်ရာ အထောက်အကူပြု ပစ္စည်းကိရိယာများတောင်းခံရယူ ခြင်း၊ ထုတ်ပေးခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခြင်း၊

(ဆ) ရေယာဉ်ခုတ်မောင်းသွားလာခြင်းဆိုင်ရာ လိုအပ်သည့် အမိန့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(ဇ) ရေယာဉ်ဝန်ထမ်းများနှင့် ပတ်သတ်၍ အခါအားလျော်စွာ လိုအပ်သည့် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဈ) ရေယာဉ်၊ တွဲယာဉ်များ၊ စက်ယန္တရားများနှင့် စက်ကိရိယာများ လုံခြုံမှုရှိစေရေးညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ မတော်တဆဖြစ်ရပ်များအား မှတ်တမ်းတင် ထားရှိခြင်း၊

(ည) ရေယာဉ်များဆိုက်ကပ်ရပ်နားရန် ဖော်ယာများ၊ ဖောတံတားများနှင့် ကမ်းတက်ဆိပ်တို့ထားရှိရေး နှင့် စပ်လျဉ်း၍ အခြားဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) အဖွဲ့ရှိ ရေယာဉ်များ၏လိုင်စင်သက်တမ်းလွန် ကိစ္စရပ်များ၊ ရေယာဉ်ပေးစွမ်းနိုင်မှု ကိစ္စရပ်များကို အဖွဲ့ထံတင်ပြခြင်း၊

(ဌ) မြစ်ကြောင်းများအတွင်း ရာသီအလိုက် ရေယာဉ်များသွားလာခုတ်မောင်းနိုင်မှုအခြေအနေ၊ ရေအ နက်စသည်တို့ကို အခြားဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) ရေယာဉ်တစ်စီးချင်းအလိုက် ဖြစ်စဉ်များကို မှတ်တမ်းတင်ပြုစုထားရှိခြင်း။

**သယ်ယူပို့ဆောင်ရေးဌာန၏လုပ်ငန်းများ**

၂၇။ သယ်ယူပို့ဆောင်ရေးဌာနသည် အောက်ဖော်ပြပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် ရမည်-

Myanmar Law Information System (MLIS)

(က) ခရီးလမ်းများ၏ ဝင်ငွေကို အမြဲတစေလေ့လာ၍ ဝင်ငွေတိုးတက်ရရှိရေးအတွက် နည်းလမ်းသစ် များ ရှာဖွေဆောင်ရွက်ခြင်း၊

(ခ) အဖွဲ့ပိုင် ရေယာဉ်များသွားလာနိုင်သော ရေလမ်းခရီးများတွင် ရေယာဉ်များ ပြေးဆွဲသင့်သည့်ခရီး စဉ်များ အကြံပြုတင်ပြဆောင်ရွက်ခြင်း၊

(ဂ) ရေယာဉ်ခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲခြင်း၊ ဌာနရုံးခွဲများ ဖွင့်လှစ်ခြင်း၊ ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခြင်း၊ ကိုယ်စားလှယ်များထားရှိခြင်းနှင့် ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့်လုပ်ငန်းကို အကျိုးတူစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) ဈေးကွက်အခြေအနေကိုလေ့လာ၍ ခရီးစဉ်များရေးဆွဲခြင်းနှင့်ခရီးစဉ်များတိုးချဲ့ရေးအတွက် ဆောင်ရွက်ခြင်း၊

(င) အခါအားလျော်စွာ အဖွဲ့ကထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သော ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု (Logistics) ဆောင်ရွက်ခြင်း၊

(ဆ) မိမိဌာနရှိ ရေယာဉ်၊ တွဲယာဉ် စင်းလုံးငှားရမ်းခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဇ) ခရီးသည်ခ၊ ကုန်တန်ဆာခ နှုန်းထားများကို ပြင်ဆင်သတ်မှတ်ရန်လိုအပ်ကြောင်း တွေ့ရှိပါက အဖွဲ့ သို့တင်ပြခြင်း၊

(ဈ) ရေယာဉ်စီးခရီးသည်များ လက်မှတ်လွယ်လင့်တကူ ဝယ်ယူနိုင်သည့် စနစ်များဆောင်ရွက်ပေးခြင်း၊

(ည) ဆိပ်ကမ်းများတွင် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ အထွေထွေဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက် ခြင်း၊

(ဋ) ရေယာဉ်၊ တွဲယာဉ်သစ်များ၊ ဆိပ်ခံတွဲများ၊ ဆိပ်ခံတံတားများ၊ ဖော်ယာများ၊ ကုန်လှောင်ရုံများဝယ် ယူရေး၊ တည်ဆောက်ရေးနှင့် ရေယာဉ်/ တွဲယာဉ်များအကြီးစားပြင်ဆင်ရေးကိစ္စများ တင်ပြဆောင်ရွက် ခြင်း၊

(ဌ) လုပ်ငန်းအသုံးပြုမှုအလိုက် သင့်လျော်သော ရေယာဉ်အမျိုးအစားများကို လေ့လာအကြံပြုတင်ပြ ခြင်း၊

(ဍ) ရေယာဉ်များ လျာတာချက်နှင့်အညီ ပြေးဆွဲနိုင်ရေးနှင့်အမြန်ပြင်ဆင် အသုံးပြုနိုင်ရေးအတွက် အင်ဂျင်နီယာဌာန၊ ရေကြောင်းဌာနတို့ဖြင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဎ) မိမိဌာနရှိ ရေယာဉ်များအား အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များအား စာချုပ်ချုပ်ဆိုငှားရမ်းခြင်းအတွက်အဖွဲ့သို့ တင်ပြခြင်း၊

(ဏ) ရေယာဉ်ငှားရမ်းခနှင့် ဝရမ်းဖြင့်စီးနင်းသည့် ဝင်ငွေများအချိန်မီ ရရှိရေးအတွက် ငွေတောင်းခံလွှာ များ ရေးဆွဲ တောင်းခံခြင်း၊

(တ) မိမိဌာနလက်အောက်ရှိ ဌာနပုံသေပိုင်ပစ္စည်းများ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို စီမံဆောင်ရွက်ခြင်း။

ကမ်းရိုးတန်းနှင့် ကုန်စည်ပို့ဆောင်ရေးဌာန၏ လုပ်ငန်းများ

၂၈။ ကမ်းရိုးတန်းနှင့် ကုန်စည်ပို့ဆောင်ရေးဌာနသည်အောက်ဖော်ပြပါလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရမည်-

Myanmar Law Information System (MLIS)

(က) အခါအားလျော်စွာ အဖွဲ့ကထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာအကောင် အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မိမိဌာနရှိရေယာဉ်၊ တွဲယာဉ် စင်းလုံးငှားရမ်းခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်းရေကြောင်းတွင် ပို့ဆောင်ရေးကွန်ယက် တည်ထောင်၍ ရေကြောင်းဖြင့်ကုန်စည်သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းကို အရောက်ပို့ဆောင်မှုစနစ်(Door to Door System) ဖြင့် ဝန်ဆောင်မှုလုပ်ငန်း များဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းရေကြောင်းတွင် ကုန်ပစ္စည်းများ၊ ကုန်သေတ္တာများ သယ်ယူပို့ဆောင်ခြင်း၊

(င) နိုင်ငံတော်အစိုးရဌာနဆိုင်ရာများ၏ လုပ်ငန်းလိုအပ်ချက်အရ ပို့ဆောင်ရန်ရှိသည့် စီမံကိန်းလုပ်ငန်း သုံးပစ္စည်း၊ စက်ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်ကြီးများနှင့် လေးလံသည့်ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊

(စ) ကုန်ရရှိရေးအတွက် အစိုးရဌာန၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများဖြင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) ရေယာဉ်၊ တွဲယာဉ်များ လျာထားချက်နှင့်အညီ ပြေးဆွဲနိုင်ရေးနှင့် အမြန်ပြင်ဆင်အသုံးပြုနိုင်ရေး အတွက် အင်ဂျင်နီယာဌာန၊ ရေကြောင်းဌာနတို့ဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) မိမိဌာနရှိ ရေယာဉ်၊ တွဲယာဉ်များအား အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များသို့ စာချုပ်ချုပ်ဆို ငှားရမ်းခြင်းအတွက် အဖွဲ့သို့ တင်ပြခြင်း၊

(ဈ) ရေယာဉ်၊ တွဲယာဉ်ငှားရမ်းခများအချိန်မီ ရရှိရေးအတွက် ငွေတောင်းခံလွှာများရေးဆွဲတောင်းခံ ခြင်း၊

(ည) မိမိဌာနလက်အောက်ရှိ ဌာနပုံသေပိုင်ပစ္စည်းများ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို စီမံဆောင်ရွက်ခြင်း။

**ဝန်ဆောင်မှုလုပ်ငန်းဌာန၏ လုပ်ငန်းများ**

၂၉။ ဝန်ဆောင်မှုလုပ်ငန်းဌာနသည် အောက်ဖော်ပြပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) အဖွဲ့၏ ဝင်ငွေကို အမြဲတစေ လေ့လာ၍ ဝင်ငွေတိုးတက်ရရှိရေးအတွက် နည်းလမ်းသစ်များ ရှာဖွေ ဆောင်ရွက်ခြင်း၊

(ခ) အခါအားလျော်စွာ အဖွဲ့က ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာအကောင် အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု (Logistics) ဆောင်ရွက်ခြင်း၊

(ဃ) စက်သုံးဆီများ ဝယ်ယူခြင်း၊ ဖြည့်တင်း သိုလှောင်ခြင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက် ရှိအဖွဲ့အစည်းများနှင့် အကျိုးတူအဖွဲ့များသို့ သတ်မှတ်နှုန်းထားဖြင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများဆောင် ရွက်ခြင်း၊

(င) အဖွဲ့ပိုင်မြေ၊ အဆောက်အဦများနှင့် ရေယာဉ်များကို အသုံးပြု၍ ကုန်သိုလှောင်ရုံလုပ်ငန်း၊ ဟိုတယ် လုပ်ငန်း၊ တည်းခိုခန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) မိမိဌာနရှိ ဌာနပုံသေပိုင်ပစ္စည်းများ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို စီမံဆောင်ရွက်ခြင်း။

Myanmar Law Information System (MLIS)

၃၀။ အောက်ပါတို့ကို အမှုဆောင်အရာရှိချုပ်၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်ရမည်-

(က) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ရေယာဉ်တည်ဆောက်မှုကို စီမံခန့်ခွဲမှု ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း၊ ငှားရမ်းလုပ်ကိုင်ခြင်းစနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူ စနစ်ဖြင့်သော်လည်းကောင်း၊ တည်ဆောက်လုပ်ကိုင် လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက် ရာတွင် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) အဖွဲ့ပိုင် စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံများနှင့် ရေယာဉ်များ၊ အခြားပိုင် ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း။

**အင်ဂျင်နီယာဌာန၏ လုပ်ငန်းများ**

၃၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့၏ အင်ဂျင်နီယာဌာနသည် အောက်ဖော်ပြပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ရေယာဉ်၊ တွဲယာဉ်၊ ဆိပ်ခံများအသစ်တည်ဆောက်ခြင်းလုပ်ငန်း၊ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း၊ ရေယာဉ်အကြီးစားနှင့် အသေးစားပြုပြင်မှုလုပ်ငန်း၊ ရေယာဉ်များလိုင်စင်သက်တမ်းအတွင်းရှိရန် ကာလအလိုက်ကျင်းတင်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) ရေယာဉ်၊ တွဲယာဉ်များ မွမ်းမံပြင်ဆင်ရေး ကိစ္စများကိုဆောင်ရွက်ခြင်း၊ လိုအပ်သောပစ္စည်းများ မှာကြားခြင်း၊ ရယူခြင်း၊ ထုတ်ပေးခြင်း၊ ထိန်းသိမ်းခြင်း၊

(ဂ) ကျွမ်းကျင်မှုအုပ်စုအလိုက် အင်ဂျင်နီယာများနှင့် ပညာရပ်ဆိုင်ရာ ဝန်ထမ်းများ၏အတတ်ပညာ အဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ခြင်း၊

(ဃ) သင်္ဘောကျင်းများ၏ လွန်းလမ်းဝန်ချီစက်များ၊ တွင်စက်များ၊ သံဂဟေစက်၊ သံပြားဖြတ်စက်၊ သံပြားချိုးစက်၊ သံရည်နှင့်ကြေးရည်ကျိုဖိုများ အမြဲအသုံးပြုနိုင်ရန်လိုအပ်သလို အစားထိုးတပ်ဆင်နိုင် ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ခြင်း၊

(င) ရေယာဉ်တွင် တပ်ဆင်ထားသည့် စက်မကြီး၊ ဂီယာ၊ ပဲ့ချိတ်စက်၊ မီးစက်၊ လေသွင်းစက်၊ ရေစုပ်စက် စသည်တို့ကိုထုတ်လုပ်သူ၏ စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ပေးခြင်း၊

(စ) ဌာနတွင်းရှိ သင်္ဘောကျင်းများနှင့် စက်ကိရိယာများအား ထိရောက်စွာ သုံးစွဲရေးစီစဉ် ကွပ်ကဲခြင်း၊

(ဆ) စက်ရုံအလုပ်ရုံများ ကြံ့ခိုင်မှုရှိရေး၊ လုပ်ငန်းသုံးကိရိယာ တန်ဆာပလာများ ပြည့်စုံရေး၊ လုပ်ငန်း ခွင်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်ချက်များ ဝယ်ယူဖြည့်တင်းနိုင်ရေး ကျွမ်းကျင်မှုအရ ဦးဆောင်ဦးရွက် ပြုလုပ်ပေးခြင်း၊

(ဇ) ပြေးဆွဲအသုံးပြုနေဆဲ ရေယာဉ်များအား သယ်ယူပို့ဆောင်ရေးဌာန၏ လိုအပ်ချက်အရ အပြည့်အဝ အသုံးပြုရန်လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ အရန်သင့် ရှိနေစေရေးနှင့် အချိန်မီ ပြင်ဆင်ပေးနိုင်ရေး ကြီးကြပ် တာဝန်ယူဆောင်ရွက်ပေးခြင်း၊

Myanmar Law Information System (MLIS)

(ဈ) သင်္ဘောကျင်းများ အဆင့်မြှင့်တင်ခြင်း၊ ရေယာဉ်များ တည်ဆောက် ပြုပြင်ခြင်းလုပ်ငန်းများ တွင် ခေတ်မီနည်းပညာများ အသုံးပြုရန် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများဖြင့် ပူးပေါင်းဆောင် ရွက်ခြင်း၊

(ည) မိမိဌာနရှိဌာနပိုင်သေပိုင်ပစ္စည်းများ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို စီမံဆောင် ရွက်ခြင်း။

## အခန်း (၅)

## စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၃၂။ စီမံခန့်ခွဲရေးအဖွဲ့သည် ဥပဒေနှင့် ဤနည်းဥပဒေတို့အပြင် အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအ ဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာနတို့က ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်တို့ကို သတ်မှတ်ခြင်းနှင့် ဝန်ထမ်း များအတွက် ယင်းတို့ ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့်ခွင့်ပြုပေးခြင်း၊

(ခ) အရာထမ်းများခန့်အပ်တာဝန်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်းကိစ္စရပ်များကို ဝန်ကြီးဌာနသို့တင်ပြခြင်း၊

(ဂ) ဝန်ကြီးဌာနသို့ တင်ပြရန်လိုအပ်သည့် စီမံကိန်းများ၊ ရသုံးမှန်းခြေငွေစာရင်းများ၊ နှစ်ချုပ်အစီရင်ခံစာများနှင့် စာရင်းများစသည့် ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ဃ) လစဉ်နှင့် နှစ်ချုပ်အစီရင်ခံစာများကို ရေးဆွဲထုတ်ပြန်ခြင်း၊

(င) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို စီမံခန့်ခွဲရေး အငှားကန်ထရိုက် စနစ် (Management Contract) ဖြင့်သော်လည်းကောင်း၊ ပြင်ပအဖွဲ့အစည်းများအား ငှားရမ်းလုပ်ကိုင် ခြင်းစနစ် (Outsourcing Contract) ဖြင့်သော်လည်းကောင်းဆောင်ရွက်ခြင်း၊

(စ) ချေးငွေများပေးဆပ်ရန်အတွက် ရန်ပုံငွေထားရှိခြင်း။

၃၃။ ရေကြောင်းလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ-

(က) ရေကြောင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို စီမံခန့်ခွဲရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ရာ၌ စီးပွားရေးတွက်ချေကိုက်မှုမရှိသောလုပ်ငန်းအဖြစ် စိစစ်တွေ့ရှိရပါက စီမံခန့်ခွဲရေးအဖွဲ့က ဝန်ကြီးဌာနသို့ အချိန်နှင့်တပြေးညီ တင်ပြနိုင်သည်။ စီမံခန့်ခွဲရေးအဖွဲ့၏လုပ်ငန်းနှင့် သက်ဆိုင်သောတင်ပြချက်အား အဆုံးအဖြတ်ပေးရာတွင် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

## အခန်း (၆)

## ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ရန်လုပ်ငန်းများ

၃၄။ အဖွဲ့၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများရေးဆွဲထားရှိရမည်။

Myanmar Law Information System (MLIS)

(ခ) ဘဏ္ဍာရေးနှစ်အလိုက် အဖွဲ့၏ ငွေလက်ကျန်၊ ဘဏ်လက်ကျန်၊ ပစ္စည်းလက်ကျန်ပုံသေပိုင်ပစ္စည်း တန်ဖိုးစာရင်း၊ ရရန်ပိုင်ခွင့်၊ ပေးရန်တာဝန်များ၏ အသေးစိတ်စာရင်းများနှင့် လက်ကျန် ရှင်းတမ်းများ ကို စာရင်းပြုစုထားရှိပြီး အဖွဲ့၏မတည်ရင်းနှီးငွေအဖြစ် သတ်မှတ်၍ စာရင်းတင်ဖော်ပြထားရှိရမည်။

(ဂ) အဖွဲ့၏လည်ပတ်ရန်ပုံငွေ (Working Capital Account) ရှိငွေများဖြင့်စတင် သုံးစွဲလုပ်ကိုင်ရပါမည်။ လုပ်ငန်းလုပ်ကိုင်ရင်း သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များ လိုအပ်လာပါက သင့်လျော်သော ဘဏ်မှချေးယူသုံးစွဲ၍ တာဝန်ယူပြန်လည် ပေးဆပ်ရမည်။

(ဃ) အဖွဲ့သည် နိုင်ငံခြားမှ ချေးငှား၍ အကောင်အထည်ဖော်မည့် စီမံကိန်းများအတွက် နိုင်ငံတော် သို့မဟုတ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အာမခံချက်ဖြင့် ချေးယူသုံးစွဲ၍ တာဝန်ယူပြန်လည်ပေးဆပ်ရမည်။

(င) အဖွဲ့သည်အဖွဲ့၏ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများမှ အကူအညီ သို့မဟုတ် ထောက်ပံ့ငွေများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စီစဉ်ပေးမှုဖြင့် ရယူဆောင်ရွက်နိုင်သည်။

(စ) အဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပရောက် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းဖြစ်သည့် အတွက် စီးပွားရေးဆန်ဆန်ဆောင်ရွက်ရန် အဖွဲ့၏ မတည်ရင်းနှီးငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ထည့်ဝင်ခြင်းမပြုဘဲ အဖွဲ့ပိုင်ရန်ပုံငွေအဖြစ် ထည့်ဝင်ရမည်။ ၎င်းရန်ပုံငွေနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲမှု နှင့် ငွေကြေးသုံးစွဲမှုစနစ်များအား စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင် ရွက်ရမည်။

(ဆ) အဖွဲ့၏ငွေရေးကြေးရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဌာနတွင်း ကြီးကြပ်မှုအားကောင်းစေရန်နှင့် ဝင်ငွေ၊ သုံးငွေများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် အောက်ဖော်ပြပါဘဏ်စာရင်းများ ဖွင့်လှစ်ထားရှိရမည်-

(၁) ပြည်တွင်းသုံးငွေ သာမန်စာရင်း [စာရင်းရှင်]

(၂) နိုင်ငံခြားသုံးငွေ သာမန်စာရင်း [စာရင်းရှင်]

(၃) ပြည်တွင်းသုံးငွေ ငွေစုဘဏ်စာရင်း

(၄) နိုင်ငံခြားသုံးငွေ ငွေစုဘဏ်စာရင်း

(ဇ) **စီမံခန့်ခွဲရေးအဖွဲ့သည် အဖွဲ့က ငွေကြေးလည်ပတ်သုံးစွဲရန် ရန်ပုံငွေ လုံလောက်ခြင်းမရှိပါက ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူပြီး ပြည်တွင်း၊ ပြည်ပဘဏ်မှငွေထုတ်ချေးယူခြင်း၊ အတိုးပေးချေခြင်း၊ ချေးငွေပြန်လည်ပေးဆပ်ခြင်းဆောင်ရွက်ရမည်။**

(ဈ) နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲရမည့်လုပ်ငန်းများအတွက်စီမံခန့်ခွဲရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အဖွဲ့ပိုင် နိုင်ငံခြားငွေစာရင်းမှ ထုတ်ယူသုံးစွဲခြင်းပြုရမည်။

(ည) အဖွဲ့သည် အဖွဲ့တွင် အသားတင်အမြတ်ရရှိပါက နှစ်စဉ် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့ကို ပေးသွင်းပြီးနောက် ကျန်ရှိသည့် အသားတင်အမြတ်မှ စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါရန်ပုံငွေများကို ထားရှိခြင်းနှင့် ရန်ပုံငွေများကို စီမံ ခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခြင်းပြု ရမည်-

Myanmar Law Information System (MLIS)

(၁) ဆုကြေးရန်ပုံငွေမှ ဝန်ထမ်းများအတွက် နှစ်ပတ်လည်ဆုကြေးနှင့် လုပ်ငန်းစွမ်းဆောင်မှုဆုကြေး များကို သတ်မှတ်နှုန်းများဖြင့် ထားရှိခြင်းနှင့် သုံးစွဲခြင်း၊

(၂) သက်သာချောင်ချိရေးရန်ပုံငွေမှ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများ၏ သာရေးနာရေး၊ ကျန်းမာရေး၊ ပညာရေး စောင့်ရှောက်မှုကိစ္စများ ဆောင်ရွက်နိုင်ရန် သတ်မှတ်နှုန်းဖြင့် ထားရှိခြင်းနှင့် သုံးစွဲခြင်း၊

(၃) ဖွံ့ဖြိုးမှုရန်ပုံငွေမှ အဖွဲ့နှင့် ဝန်ထမ်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်ရန်သတ်မှတ်နှုန်းဖြင့် ထားရှိခြင်းနှင့် သုံးစွဲခြင်း၊

(၄) တန်ဘိုးလျော့ရန်ပုံငွေမှ ပုံသေပိုင်ပစ္စည်းများ ပြန်လည်မွမ်းမံ ပြင်ဆင်နိုင်ရန်နှင့် အသစ်ဝယ်ယူနိုင်ရန်ထားရှိခြင်းနှင့် သုံးစွဲခြင်း၊

(၅) လှည့်ပတ်ရန်ပုံငွေကို အဖွဲ့ပိုင် ဘဏ္ဍာရန်ပုံငွေလိုအပ်ချက် ဖြစ်ပေါ်သည့်အခါ သုံးစွဲနိုင်ရန် ထားရှိခြင်းနှင့် သုံးစွဲခြင်း၊

(၆) အခြားကိစ္စရပ်များတွင် အသုံးပြုရန်ပုံငွေများအား သတ်မှတ်နှုန်းဖြင့်ထားရှိခြင်းနှင့် သုံးစွဲခြင်း။

## အခန်း (၇)

## ဆုကြေးငွေချီးမြှင့်ခြင်း

၃၅။ အဖွဲ့သည် မိမိ၏ စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်သော အချိုးအတိုင်းသော်လည်းကောင်း ဆုကြေးငွေချီးမြှင့်ရန် စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြ ဆောင်ရွက်ရမည်။

၃၆။ အဖွဲ့သည် ဆုကြေးငွေချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းအချိုး အရ ဝန်ထမ်းများကို ဆုကြေးများခွဲဝေသတ်မှတ်ပေးပြီးနောက်ကျန်ရှိသောဆုကြေးရန်ပုံငွေထဲမှ တစ်ဦး ချင်းသော်လည်းကောင်း၊ အဖွဲ့အလိုက်သော်လည်းကောင်းအောက်ပါအခြေခံမှုများအပေါ်မူတည်၍ စွမ်းဆောင်ရည်မြင့်မားမှုဆုကြေးများကို စီမံခန့်ခွဲရေးအဖွဲ့၏ စည်းကမ်းချက်များနှင့်အညီ ထပ်မံချီး မြှင့်နိုင်သည်-

(က) သတ်မှတ်ထားသော စံနှုန်းထက်တိုး၍ ထုတ်လုပ်ဆောင်ရွက်နိုင်ခြင်း၊ ဝန်ဆောင်မှုပေးနိုင်ခြင်း၊

(ခ) ထုတ်လုပ်မှု၊ ဝန်ဆောင်မှု နည်းစနစ်သစ်များတီထွင်နိုင်ခြင်း၊

(ဂ) တီထွင်ထုတ်လုပ်နိုင်မှုရှိခြင်း၊ ထုတ်လုပ်သည့်ကုန်ပစ္စည်းအရည်အသွေးစံချိန်မီခြင်း၊

(ဃ) ကုန်ကြမ်းသုံးစွဲမှု စံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ သုံးစွဲနိုင်ခြင်း၊

(င) လေလွင့်၊ ပျက်စီး၊ ဆုံးရှုံးမှုလျော့နည်းခြင်း။

၃၇။ ဝန်ထမ်းများသည် သီးခြားတာဝန်ပေးခြင်းအရ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို စီမံခန့်ခွဲရေးအဖွဲ့၏ စည်းကမ်းချက်များနှင့်အညီ ခံစားခွင့်ပြုရ မည်။

## အခန်း (၈)

## အထွေထွေ



Myanmar Law Information System (MLIS)

၃၈။ အဖွဲ့ပိုင်ရေယာဉ်ကို တပ်မတော်က ငှားရမ်းအသုံးပြုရာတွင် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ တန်းပြည့်စစ်မှုထမ်းချိန်ဟူ၍ သတ်မှတ်ထားသည့်ကာလအတွင်း အသုံးပြု သည့်ရေယာဉ်များ ပျက်စီးခြင်း သို့မဟုတ် နစ်မြုပ်ခြင်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခြင်း မဟုတ်လျှင် စတင်ရယူအသုံးပြုစဉ်က အခြေအနေအတိုင်းပြန်လည်အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ ကာလတန်ဖိုးအတိုင်း ပေးလျော်ရန် စီမံခန့်ခွဲရေးအဖွဲ့မှ ဝန်ကြီးဌာနသို့တင်ပြ၍ တပ်မတော် နှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

၃၉။ စီမံခန့်ခွဲရေးအဖွဲ့သည် အဖွဲ့ရှိ အရာထမ်း၊ အမှုထမ်းများ၏ ဝန်ထမ်းရေးရာလုပ်ထုံးလုပ်နည်းများ ကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရသည်။

ပုံ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးဝန်ကြီးဌာန

Myanmar Law Information System (MLIS)